သံဖြူရုံကျေးရွာ

တွံတေးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သံဖြူရုံကျေးရွာ၊ တွံတေးမြို့

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **သံဖြူရုံကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်** | ၅ |
| | **အပိုင်း (က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ** | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | **အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** | |
| | စီမံချက် အဆိုပြုလွှာ (၁) | ၁၇ |
| | စီမံချက် အဆိုပြုလွှာ (၂) | ၁၉ |
| | စီမံချက် အဆိုပြုလွှာ (၃) | ၂၁ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၂၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၂၄ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၆၀ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။

**စက်တင်ဘာလ၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**သံဖြူရုံကျေးရွာ**

**တွံတေးမြို့နယ်**

# သံဖြူရုံကျေးရွာ သယံဇာတပြမြေပုံ၊ တွံတေးမြို့နယ်



# အပိုင်း (က)

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

သံဖြူရုံကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၏ ကုလားတန်းကျေးရွာ အုပ်စုတွင်ပါဝင်ပြီး တွံတေး-လှိုင်သာယာကားလမ်းဘေး တွံတေး တံတား အဆင်းတွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကုလားတန်းကျေးရွာ၊ အနောက်ဘက် တွင် တွံတေး-လှိုင်သာယာကားလမ်း၊ မြောက်ဘက်တွင် သုံးအိမ်ကျေးရွာ၊ တောင်ဘက် တွင် တွံတေးတူးမြောင်း စသည်တို့ဖြင့် ဆက်စပ်လျှက် တည်ရှိနေပါသည်။ ကျေးရွာ တွင် ကရင်၊ ဗမာ၊ ကုလား(မွတ်ဆလင်၊ ဟိန္ဒူ)စသည့် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး ဗမာလူမျိုးမှာ လူများစု ဖြစ်ပါသည်။ ကျေးရွာသည် တွံတေး တူးမြောင်း ဘေးတွင်တည်ရှိပြီး အဓိကအသက်မွေး ဝမ်းကျောင်း လုပ်ငန်းမှာ စက်ရုံ ဆင်းသည့်လုပ်ငန်းဖြစ်ပြီး၊ စိုက်ပျိုးရေး လုပ်ငန်း အသင့်အတင့် လုပ်ကိုင်ကြကာ၊ မွေးမြူ ရေး၊ နေ့စား၊ ကျပန်း လုပ်ကိုင် ကြ ပါသည်။ လယ်ယာမြေများသည် စပါး စိုက်ပျိုးထုတ်လုပ် ရန်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း လုပ်ကိုင်ရန် အဓိက အားထား ရာဖြစ်သည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လယ်ယာမြေ၊ ခြံမြေအသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီလွှာ အသင့် အတင့် ကောင်းမွန် ပါသည်။ ကျေးရွာအနီးပတ်ဝန်းကျင်တွင် တွံတေး တူးမြောင်း ရှိနေ သည့်အတွက် တောင်သူ များမှာ မိုး၊ဆောင်း(၂)ရာသီတွင် ချောင်းရေ ဖြင့် စိုက်ပျိုးနိုင်ပြီး၊ နွေစပါးအား တစ်ချို့နေရာများတွင် ရေမရှိသောကြောင့် စိုက်ပျိုး၍ မရနိုင်ပါ။ စိုက်ပျိုးနိုင် သည့် ဧက (၇၁၈)ဧကရှိပြီး စပါးကိုသာအဓိက စိုက်ပျိုးကြပြီး၊ ကွမ်း၊ ငရုတ်နှင့်ဖော်လုံးပန်း အနည်းငယ် စိုက်ပျိုးကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖအဖွဲ့ (ကျား - ၄၄ ဦး) ၊ ကာလသားအဖွဲ့ (ကျား-၅၅ဦး)၊ အမျိုးသမီးအဖွဲ့ (ကျား-၇ဦး)၊ ဓမ္မစကူးလ်အဖွဲ့ (ကျား-၁/မ-၆=၇ဦး)၊ နာရေးအဖွဲ့ (ကျား-၃၅/မ-၁၅=၅၀ဦး)၊ ဆွမ်းလောင်းအဖွဲ့ (ကျား-၂၆/မ - ၃=၂၉ဦး)၊ တို့မှကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုး ရေး လုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြ ပါသည်။ ကျေးရွာတွင် ကျန်းမာရေးအဖွဲ့ သီးသန့်မရှိသော်လည်း ကျေးရွာရှိ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများအား ပူးပေါင်းပါဝင် ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာ စာသင်ကျောင်းရှိ ဆရာ/ဆရာမ များနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် လုပ်ဆောင် လျှက် ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာ

ဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း ၁၃မိုင်တာကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ နေဖြင့် ပက်စ်မြန်မာငွေချေးအဖွဲ့နှင့် ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဘာသာရေးအဖွဲ့(၂)ဖွဲ့သာ ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

သံဖြူရုံကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၁) အိမ်ထောင်စု နှင့် ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၂၀)အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧက ကြား တောင်သူလတ် (၃၃) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၁၆) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးကို အားထားစိုက်ပျိုး ကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏ ၄ပုံ၃ပုံရှိပြီး အများစုသည် နေ့စား ကျပန်းလုပ်ငန်းများ၊ လယ်များအားအငှားစနစ်နှင့် စက်ရုံများတွင် သွားရောက် လုပ်ကိုင်နေကြ ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ တူးမြောင်းရေကိုသာ အဓိကအားထား စိုက်ပျိုး လုပ်ကိုင်ကြပြီး နွေရာသီတွင် ဆည်မြောင်းများတိမ်ကောနေ သည့်အတွက် စိုက်ပျိုးရန် ရေ မလုံလောက်ပါ။ စပါးအထွက် နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄၇.၅)တင်း ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမား များတွင် တစ်ဦးချင်းပိုင် လယ်ထွန်စက်(၄)စီး၊ လက်တွန်းထွန်စက် (၆၁) စီးနှင့် အငှားလုပ်ကိုင်သူ(၁၆)ဦး၊ ရိတ်သိမ်းခြွေလှေ့စက်(၅)စီးနှင့် အငှားလုပ်ကိုင်သူ(၇၅)ဦး၊ ရေစုပ်စက်(၅၆)ခုနှင့် အငှားလုပ်ကိုင်သူ(၂)ဦး ရှိပါသည်။ အဖွဲ့ပိုင် ထွန်စက်၊ ခြွေလှေ့စက် မရှိပါ။ စက်များကို ငှားရမ်းလုပ်ကိုင် နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစု များ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအား စုများ၊ သီးနှံ မျိုးစေ့များ ကိုလည်း မြို့နှင့်အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများ မှတ ဆင့် ရောင်း ချနိုင်ကြပါ သည်။ ကုန်ဈေးနှုန်းနှင့်စက်ငှားရမ်းခများသောကြောင့် အဆင်ပြေသောအိမ်ထောင်စု နည်းပါးပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့်ခရုများ အနည်းငယ် ကျရောက်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂) အိမ်ရှိပြီး နွားကောင်ရေ (၉) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှ ဝက် (၁၇) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေး ကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်း ငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်း ပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိ အိမ်ထောင်စုများသည် စက်ရုံဆင်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ဈေး အရောင်းအဝယ် လုပ်ငန်းစသည့်ဖြင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေး ဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်း၊ အလုပ်နှင့် လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ ကျွမ်း ကျင်စွာ တတ်မြောက်မှု မရှိခြင်း စသည် တို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း လှိုင်သာမြို့နယ်ရှိ စက်ရုံများတွင် လုပ်ကိုင်သူ ဦးရေများပြားသဖြင့် လုပ်သားအင်အား အသင့်အတင့်သာ ရှိပါသည်။ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်း ပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေး မဟုတ် သော အသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် စိုက်ဘဏ်နှင့် ပက်စ်မြန်မာ ငွေချေးအဖွဲ့မှ ချေးငွေများ ရရှိသော်လည်း အရင်းအနှီး နည်းသဖြင့် စီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင် နေသည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် လှေ(၆)စီး၊ စက်လှေ(၁၅)စီး၊ စက်ဘီး (၁၂၇) စီး၊ မော်တော် ဆိုင်ကယ် (၁၉၀) စီး၊ သုံးဘီး ဆိုင်ကယ်(၇)စီး၊ ထော်လာဂျီ (၃) စီး၊ကား (၂၁)စီး၊ စသည်ဖြင့် ရေလမ်း၊ကုန်းလမ်း သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း (၃) လမ်းနှင့် မြေသားလမ်း (၂) ရှိ ပါသည်။ ကတ္တရာလမ်းမှာ ကျေးရွာချင်းဆက် တွံတေး-လှိုင်သာယာကားလမ်းမကြီး ဖြစ်ပြီး သွားလာရ အဆင်ပြေပါသည်။ မိုးတွင်းကာလများတွင် ကွန်ကရစ်လမ်း၊ မြေ သားလမ်း များ ပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင် မပြေမှုများ ရှိ နေပါသည်။

သံဖြူရုံကျေးရွာတွင် တံတား၊ ရေပြွန်မရှိပါ။ ကျေးရွာချင်းဆက်လမ်းမကြီး ပေါ်ရှိ တံတားများ မှာ ကားကြီးများ၊ တန်ပိုယာဉ်များ ဖြတ်သန်းနေကြပါသည်။

## (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပြီးဖြစ်ပါသည်။။ ဆိုလာ စနစ်၊ အခြားနည်းစနစ်များ ဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စုများလည်း ရှိကြပြီး လျှပ်စစ်မီး လုံးဝ အသုံးမပြုနိုင်သေး သော အိမ်ထောင်စု (၁၁၂) စု ရှိပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

သံဖြူရုံကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ကို ဖုန်း (၆၅၅) လုံး၊ ရေဒီယို (၁၄) လုံး၊ တီဗွီ (၃၀၁) လုံး နှင့် စလောင်း(၁၇)လုံးတို့မှ ရရှိ သဖြင့် ကျေးရွာ တွင်း ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

## ၆။ ပညာရေး

ကျေးရွာပိုင် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကလေးများ ပညာသင်ကြား နိုင်ပြီး အထက်တန်းအဆင့်များကို ရွာနီးစပ်ဖြစ်သော သဂန်းတောကျေးရွာ၊ ကံဘဲ့ကျေးရွာနှင့် ထိန်ကုန်းတို့တွင် ဆက်လက် ပညာသင်ယူ နိုင်ကြပါသည်။ မူလွန်ကျောင်းတွင် ကျောင်း ဆောင်(၂)ခု ပါရှိပြီး မိမိတို့ ကျေးရွာမှ ကျောင်းသား/သူများသာမက အခြားနီးစပ်ရာ ကျေးရွာများမှ ကျောင်းသား / ကျောင်းသူများလာရောက် ပညာသင်ကြားနေကြသည့်အပြင် လာမည့်နှစ်များ တွင် အတန်းများ တိုးမြှင့်လာမည်ဖြစ်သောကြောင့် ကျောင်းဆောင်သစ် တစ်ဆောင် လိုအပ်နေပါသည်။ ထို့ပြင် ကျောင်းသုံးသင်ထောက်ကူပစ္စည်းများလည်း လုံ လောက်မှု မရှိပါ။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့် ဆရာ (၁) ဦးနှင့် ဆရာမ (၆) ဦး ရှိသော်လည်း ကျောင်းအုပ်မရှိသောကြောင့် သင်ကြားရေးပိုင်းတွင် အခက်အခဲ အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ် မြောက်သည့် လူဦးရေမှာ (၁၉.၈၅) ရာခိုင်နှုန်း၊ အလယ်တန်း အဆင့် စာတတ်မြောက်သူများမှာ (၆၆.၁၀) ရာခိုင်နှုန်း အထိ များပြားပြီး၊ အထက်တန်းအဆင့် စာတတ် မြောက်သူများမှာ (၉.၂၀) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ (၄.၄၁) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင် လူ့စွမ်းအား အရင်းအမြစ် ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် လိုအပ်သည့် ကာကွယ်ဆေးများအား ကျန်းမာရေးဦးစီးဌာနက နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လာရောက်ထိုးပေးလျှက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင် ကာကွယ်ဆေး လာရောက်ထိုးနှံ ပေးခဲ့ပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့်(၃.၅)မိုင်ကွာဝေးသော်လည်း အရေးပေါ် အခြေအနေတွင် အလွယ်တကူ သွားလာနိုင်သလို၊ တွံတေးမြို့နယ်ဆေးရုံကြီးသို့လည်း အလွယ်တကူ ပို့ဆောင် ပေးနိုင်သဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲများ မရှိပေ။

ကျေးရွာတွင် သောက်သုံးရေများကို မိုးရေ၊ကန်ရေ၊ အဝီစိတွင်းရေနှင့်တုံကင်ရေ များဖြင့် အဓိကထား အသုံးပြုကြ ပါသည်။ ကျေးရွာတွင် နွေ၊ မိုးနှင့် ဆောင်းရာသီတွင် ရေလုံလောက်မှုရှိပါသည်။ ကျေးရွာ တွင် သန့်ရှင်းသော ယင်လုံအိမ်သာများကို အိမ်ထောင်စုအများစုမှ အသုံးပြုကြပြီး အနည်းစုမှာ မသန့်ရှင်းသောအိမ်သာကို အသုံးပြုကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

သံဖြူရုံကျေးရွာတွင် စက်ရုံနှင့်ကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုအများစုရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

သံဖြူရုံကျေးရွာတွင် သဘာဝဆေးဖက်ဝင် အပင်များနှင့် သဘာဝတိရစ္ဆာန် မျိုးစိတ်များမရှိပါ။ မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ် ပွားမှု အနည်းငယ် ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ကြက်နာရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

သံဖြူရုံကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု အား နည်းသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်း ကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ကုလားတန်း | | | ကျေးရွာအမည် - သံဖြူရုံ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | စိုက်ပျိုး ရေ | ရေလုံလောက်စွာ ရရှိစေရေးအတွက် ဆည်မြောင်းများ တူးဖော်ဆောင်ရွက်ခြင်း။ | |
| ၃ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းသုံး သင်ထောက်ကူများ လုံလောက်စွာ ဖြည့်တင်းခြင်း။ | |
| ၄ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းဆောင်အသစ်တစ်ဆောင်လိုအပ်ခြင်း။ | |
| ၅ | ကျန်းမာရေး | ဆေးပေးခန်း | ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း။ | |
| ၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်း ကွန်ကရစ်လမ်းပြုပြင်ရန်လိုအပ်ခြင်း။(ဝေသုသရာလမ်း) | |
| ၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်း ကွန်ကရစ်လမ်းပြုပြင်ရန်လိုအပ်ခြင်း။(ဝေဇယန္တရာလမ်း) | |
| ၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်း ကွန်ကရစ်ခင်းရန်လိုအပ်ခြင်း။(ရွာဆက်လမ်း၊ နာရေးလမ်း၊ ဝေပဒုမာလမ်း) | |
| ၉ | အခြေခံအဆောက်အဦ | အဆောက်အဦ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း။ | |
| ၁၀ | လူငယ်နှင့်အားကစား | လူငယ်အခွင့်အလမ်း | စာကြည့်တိုက်ဆောက်လုပ်ခြင်း။ | |
| ၁၁ | | | | |
| ၁၂ | | | | |
| ၁၃ | | | | |
| ၁၄ | | | | |
| ၁၅ | | | | |
| ၁၆ | | | | |
| ၁၇ | | | | |
| ၁၈ | | | | |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

| | |
|---|---|
| ကျေးရွာ | - သံဖြူရုံကျေးရွာ |
| ကျေးရွာအုပ်စု | - ကုလားတန်းကျေးရွာအုပ်စု |
| မြို့နယ် | - တွံတေးမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ရန်ကုန်တိုင်းဒေသကြီး |

**စီမံချက်အမည်** - ကျေးရွာတွင်းကွန်ကရစ်လမ်းပြုပြင်ရန်။ (ဝေသံသရာလမ်း)

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- သံဖြူရုံကျေးရွာ၊ ရွာလယ်လမ်းမကြီးသည် ယခုလက်ရှိတွင် ကွန်ကရစ်လမ်းဖြစ်ပြီး ပျက်စီးနေပါသည်။
- ကွန်ကရစ်လမ်းပျက်စီးနေသည့်အတွက် စက်ဘီး၊ ဆိုင်ကယ်များ မကြာခဏ မှောက်နေပါသည်။
- ကျေးရွာ ၏လမ်း မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါ သည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ကျောင်းသား၊ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။
- လမ်းကောင်းမွန်လာသောကြောင့် မီးသတ်ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပြီး မီးဘေးအန္တရာယ် လျော့ချနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- သံဖြူရုံကျေးရွာ၊ ရွာလယ်လမ်းမကြီးသည် (အရှည်-၁၂၃၀ပေ၊ အကျယ်-၈ပေ၊ ထု-၆လက်မ) ရှိပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ____________ (ငွေသား) | • ကျေးရွာ |
| • ____________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၆၉၉ | ၇၄၃ | ၁၄၄၂ | ၂၁ | ၄၆ | ၁၄၃ | ၁၆၀ | ၃၇၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၉၉ | ၇၄၃ | ၁၄၄၂ | ၂၁ | ၄၆ | ၁၄၃ | ၁၆၀ | ၃၇၀ |

| |
|---|
| မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄ |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၁၈ ခုနှစ်၊ မေလ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ**<br>• လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြား ချက်များ ထားရှိပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)**

| | |
|---|---|
| ကျေးရွာ | - သံဖြူရုံကျေးရွာ |
| ကျေးရွာအုပ်စု | - ကုလားတန်းကျေးရွာအုပ်စု |
| မြို့နယ် | - တွံတေးမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ရန်ကုန်တိုင်းဒေသကြီး |

**စီမံချက်အမည်** - စိုက်ပျိုးရေအတွက် ဆည်မြောင်းများ တူးဖော်ပေးရန်။

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- ဆည်မြောင်းများတိမ်ကောလာခြင်း၊ စိုက်ပျိုးရေမလုံလောက်သောကြောင့် နွေစပါးစိုက်ပျိုးဧကနည်းပါးလာခြင်း။
- စပါးအထွက်နှုန်းနည်းခြင်း။ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ နည်းပါးခြင်း။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- နွေစပါးပိုမို စိုက်ပျိုးလာနိုင်စေရန်။
- စပါးအထွက်နှုန်းတိုးပွားလာစေရန်၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများလာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေတိုးပွားလာပါမည်။
- နိုင်ငံတော်အတွက် ထုတ်ကုန် ပိုမို ထုတ်လုပ်ပေးနိုင်ပါမည်။
- အလုပ်အကိုင်အခွင့်အလမ်းများပြားလာပြီး အလုပ်လက်မဲ့ဦးရေ လျော့ချလာနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- ဆည်မြောင်းများတူးဖော်ပေးရန်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ___________ (ငွေသား) | • ကျေးရွာ |
| • ___________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၆၉၉ | ၇၄၃ | ၁၄၄၂ | ၂၁ | ၄၆ | ၁၄၃ | ၁၆၀ | ၃၇၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၉၉ | ၇၄၃ | ၁၄၄၂ | ၂၁ | ၄၆ | ၁၄၃ | ၁၆၀ | ၃၇၀ |
| မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

**(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့
- မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ

**(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၁၈ ခုနှစ်၊ မေလ

**(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပြီး ရေးဆွဲပါမည်။
- ဆည်မြောင်းများတူးဖော်ရာတွင် လိုအပ်သည်များ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။
- ကျေးရွာဖက်မှ ငွေကြေးအသင့်အတင့် ထည့်ဝင်ပါမည်။

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ**

- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- ဆည်မြောင်းများရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပါမည်။
- စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်းအစီရင်ခံစာ ပေးပို့ပါမည်။

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၃)**

| | |
|---|---|
| ကျေးရွာ | - သံဖြူရုံကျေးရွာ |
| ကျေးရွာအုပ်စု | - ကုလားတန်းကျေးရွာအုပ်စု |
| မြို့နယ် | - တွံတေးမြို့နယ် |
| တိုင်းဒေသကြီး / ပြည်နယ် | - ရန်ကုန်တိုင်းဒေသကြီး |

**စီမံချက်အမည်** - ကျေးရွာတွင်းကွန်ကရစ်လမ်းပြုပြင်ရန်။ (ဝေဇယန္တာလမ်း)

**စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**

- သံဖြူရုံကျေးရွာ၊ ရွာတွင်းလမ်းသည် ယခုလက်ရှိတွင် ကွန်ကရစ်လမ်းဖြစ်ပြီး ပျက်စီးနေပါသည်။
- ကွန်ကရစ်လမ်းပျက်စီးနေသည့်အတွက် စက်ဘီး၊ ဆိုင်ကယ်များ မကြာခဏ မှောက်နေပါသည်။
- ကျေးရွာ ၏လမ်း မကောင်းသည့်အတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် အခက်အခဲဖြစ် ပေါ်နေပါသည်။

**စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ကျေးရွာ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်။
- ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကဏ္ဍများတွင် ပိုမို အဆင်ပြေ လာစေရန်။
- ကျေးရွာသားများမှ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက် တတ်လာစေရန်။

**မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- လမ်းကောင်းလာသည့်အတွက် လူနေမှု အဆင့်အတန်း မြင့်မားတိုးတက်လာမည်။
- ကျောင်းသား၊ကျောင်းသူများ၊ ရဟန်းသံဃာများ အန္တရာယ်ကင်းစွာ သွားလာနိုင်ပါမည်။
- လမ်းကောင်းမွန်လာသောကြောင့် မီးသတ်ကားများ အလွယ်တကူဝင်ထွက်လာနိုင်ပြီး မီးဘေးအန္တရာယ် လျော့ချနိုင်ပါမည်။

**စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)**

- သံဖြူရုံကျေးရွာ၊ ရွာလယ်လမ်းမကြီးသည် (အရှည်-၁၃၀၀ပေ၊ အကျယ်-၈ပေ၊ ထု-၆လက်မ) ရှိပါသည်။

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၀,၀၀၀,၀၀၀(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| • ____________ (ငွေသား) | • ကျေးရွာ |
| • ____________ (ပစ္စည်း/လုပ်အား) | • ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၆၉၉ | ၇၄၃ | ၁၄၄၂ | ၂၁ | ၄၆ | ၁၄၃ | ၁၆၀ | ၃၇၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၉၉ | ၇၄၃ | ၁၄၄၂ | ၂၁ | ၄၆ | ၁၄၃ | ၁၆၀ | ၃၇၀ |

| |
|---|
| မှတ်ချက်။ ချောင်လည်အဆင့် -၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ - ၃၊ အလွန်ဆင်းရဲ - ၄ |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| **(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာရပ်မိရပ်ဖ၊ ကျေးရွာအုပ်ချုပ်ရေး၊ ပရဟိတလူငယ်အဖွဲ့<br>• မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| **(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း** - ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ |
| **(၃) စီမံချက်ပြီးစီးမည့်အချိန်** - ၂၀၁၈ ခုနှစ်၊ မေလ |
| **(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကွန်ကရစ်လမ်းခင်းရန်အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ကျေးရွာဖက် မှ ထည့်ဝင်ပါမည်။<br>• ကျေးရွာဖက်မှ လိုအပ်သော ငွေကြေး ထည့်ဝင်ပါမည်။ |
| **(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီ အစဉ်များ**<br>• လုပ်ငန်းများကောင်းမွန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းအဆင့် အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• ကွန်ကရစ်လမ်းနှင့်ပတ်သက်သော ရေရှည်တည်တံ့စေရေး စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြား ချက်များ ထားရှိပါမည်။<br>• စီမံကိန်း ပြီးလျှင်ပြီးခြင်း ကျေးလက်ဦးစီးဌာနသို့ အထောက်အထားများနှင့်တကွ ပြီးစီး ကြောင်း အစီရင်ခံစာ ပေးပို့ပါမည်။ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျ စရိတ် များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |

## သံဖြူရုံကျေးရွာ၊ ကုလားတန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးမြဦး | ဦးထွေးညွန့် | ၁၂/တတန(နိုင်)၁၂၀၄၈၈ | ၄၃ | ဥက္ကဌ | ၀၉-၇၉၈၄၁၃၁၄၂ |
| ၂ | ဦးသန်းဇော်ထွေး | ဦးသန်းရွှေ | ၁၂/တတန(နိုင်)၁၂၀၅၁၀ | ၃၇ | အတွင်းရေးမှူး | ၀၉-၄၄၂၁၄၃၁၂၃ |
| ၃ | ဦးခင်မောင်ဂင်း | ဦးသန်းရွှေ | ၁၂/တတန(နိုင်)၁၀၄၈၈၃ | ၅၄ | ဘဏ္ဍာရေးမှူး | ၀၉-၇၉၉၃၁၃၇၃၈ |
| ၄ | ဦးစိန်လွင် | ဦးလှထွန်း | ၁၂/တတန(နိုင်)၁၅၈၁၈၉ | ၃၆ | စာရင်းကိုင် (၁) | ၀၉-၇၉၉၃၁၅၄၃၀ |
| ၅ | ဦးအောင်မျိုးလင်း | ဦးတင်အေး | ၁၂/တတန(နိုင်)၁၇၄၀၄၂ | ၃၀ | စာရင်းကိုင် (၂) | ၀၉-၇၉၃၅၈၀၄၃၂ |
| ၆ | ဦးတင်ဌွေး | ဦးလှညွန့် | ၁၂/တတန(နိုင်) | ၄၂ | အဖွဲ့ဝင် | ၀၉-၇၉၆၃၈၄၅၅၉ |
| ၇ | ဦးတင်အေး | ဦးသာကြူး | ၁၂/တတန(နိုင်)၁၀၅၁၆၆ | ၅၈ | အဖွဲ့ဝင် | ၀၉-၉၅၃၇၁၉၉၂၆ |
| ၈ | မသန္တာဌွေး | ဦးတင်ဌွေး | ၁၂/တတန(နိုင်) | ၁၈ | အဖွဲ့ဝင် | ၀၉-၇၆၈၃၂၄၅၄၃ |
| ၉ | မအိရွှေစင် | ဦးတင်သန်း | ၁၂/တတန(နိုင်) | ၁၈ | အဖွဲ့ဝင် | - |
| ၁၀ | | | | | | |
| ၁၁ | | | | | | |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄ | ၁၂ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၅ | ၃၁ | ၆၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၅၆ | ၅၃ | ၁၀၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၈ | ၅၆ | ၁၀၄ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၃၅ | ၅၅၉ | ၁၀၉၄ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၁ | ၃၂ | ၅၃ |
| **စုစုပေါင်း** | | **၆၉၉** | **၇၄၃** | **၁၄၄၂** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၃၇၀** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ သံဖြူရုံကျေးရွာတွင် အိမ်ထောင်စု (၃၇၀) စု၊ လူဦးရေ (၁၄၄၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၁.၁၁%)၊ ၅ နှစ်အောက် ကလေးအရွယ် (၄.၅၈%)၊ မူလတန်းကျောင်းသားအရွယ် (၇.၅၆%)၊ အလယ်တန်း ကျောင်းသား အရွယ် (၇.၂၁%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၅.၈၇%)၊ သက်ကြီးရွယ်ကြီး အရွယ် (၃.၆၈%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၄.၁၃%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၅၃၅) ဦး၊ မ (၅၅၉) ဦး စုစုပေါင်း (၁၀၉၄) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၅.၈၇%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ် လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈၁ | ၁၀၁ | ၁ | မြင့်☐ လတ် ☑ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၁၀၈ | ၁၃၆ | ၁၁ | မြင့်☐ လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၅ | – | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | – | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၄ | မြင့်☐လတ်☑နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၄ | ၁၈ | | မြင့်☐လတ်☐နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | – | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | ၁၀ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | ၄ | မြင့်☐လတ်☐နိမ့်☑ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၅ | ၈၆ | ၅ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | – | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | – | မြင့်☐လတ်☐နိမ့်☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၅ | ၃၈ | ၁၄ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၅ | ၅ | ၃ | မြင့်☐လတ်☐နိမ့်☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့်☐လတ်☐ နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၃ | ၈ | မြင့်☐လတ်☑ နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | ၄ | မြင့်☐လတ်☑နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၇ | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁ | ၁ | - | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့်☐လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၅ | ၉၃ | ၁၀၆ | မြင့်☐လတ်☐နိမ့်☑ |
| | **စုစုပေါင်း** | **၃၆၇** | **၅၀၈** | **၁၇၇** | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ **“အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ”** အရေအတွက်တွင် **“မိသားစုဝင်လုပ်အား”** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)”** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ

များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။သံဖြူရုံကျေးရွာတွင် စိုက်ပျိုးရေးနှင့်စက်ရုံဆင်းသည့်လုပ်ငန်းကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။ လက်သမား၊ ပန်းရံ လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ ကျေးရွာတွင် ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာ များ ပြားပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများမှာတစ်ပိုင်တစ်နိုင် အိမ် စားရုံမျှသာ မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ကြသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၆၀၀၀ | | ၄၀၀၀ | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | – | ၃၀၀၀ | – | ၂၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | – | – | – | – |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ သံဖြူရုံကျေးရွာတွင် လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အားစိုက်ထုတ်

နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြည်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိရပါ ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၇၁၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၅ | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | **၇၁၈** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။သံဖြူရုံကျေးရွာတွင် လယ်မြေ (၇၁၁) ဧက၊ တောင်ယာမြေ(၂)ဧက နှင့် ဥယျာဉ်ခြံမြေ (၅)ဧက ရှိပြီး မြေဆီလွှာ အရည်အသွေး ကောင်းမွန်ပါသည်။ လယ်မြေများတွင် သီးနှံ (၂) သီးစား စိုက်ပျိုးနိုင်ပြီး စပါးကို အဓိကထား စိုက်ပျိုးကြပြီး ကွမ်း၊ ငရုတ်နှင့်ဖော်လုံးပန်းတို့ကို အနည်းငယ်စိုက်ပျိုးကြပါသည်။

### (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | ☒ |

